မြန်မာနိုင်ငံ ဗိသုကာကောင်စီ
MYANMAR ARCHITECT COUNCIL
228-234, Bogyoke Aung San Road, Yangon, The Republic of the Union of Myanmar.
E-mail : info@mac.org.mm, Web: www.mac.org.mm
Ph : (959) 782 120 543 / (959) 265 465 884

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံဗိသုကာကောင်စီ**
**ဗိသုကာမှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ**
**ကြေညာချက်အမှတ် ( ၃/၂၀၂၄ )**
**၂၀၂၄ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်**
**"မှတ်ပုံတင်ဗိသုကာ (RA) လျှောက်လွှာများ ခေါ်ယူခြင်း"**

မြန်မာနိုင်ငံဗိသုကာကောင်စီသည် ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ မှတ်ပုံတင်ဗိသုကာလက်မှတ် (Registered Architect) များ ထုတ်ပေးမည်ဖြစ်ပါသောကြောင့် အောက်ပါအချက်များနှင့် ကိုက်ညီသူများ လျှောက်လွှာတင်သွင်း လျှောက်ထားနိုင်ပါသည်။

၁။ မြန်မာနိုင်ငံသားဖြစ်ရမည်။

၂။ ဗိသုကာဘွဲ့ (B.Arch) ရရှိပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာများကို ၂၀၂၅ခုနှစ် ဇန်နဝါရီလတွင် Online Form ဖြင့် တင်သွင်းရမည် ဖြစ်ပါသည်။ Online Form တင်သွင်းရမည့် website Link ကို ထပ်မံကြေညာပေးပါမည်။ ဒီဇင်ဘာလအတွင်း ကြိုတင်၍ တင်သွင်းလိုသူများရှိပါက ရုံး email – myanmararchitectscouncil@gmail.com သို့ ဆက်သွယ်၍ လျှောက်လွှာထုတ်ယူနိုင်ပါသည်။

၄။ လျှောက်လွှာတင်သွင်းရာတွင် ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယား မိတ္တူ (၁)စောင်စီနှင့် ပတ်စ်ပို့ဓာတ်ပုံ (၁)ပုံ ပူးတွဲ တင်သွင်းရမည်ဖြစ်ပါသည်။

၅။ မှတ်ပုံတင်ဗိသုကာ RA နံပါတ် မရရှိထားသေးသော ယခင်(RA) လျှောက်ထားဆဲသူများကိုလည်း ဆက်လက်စိစစ်၍ ကော်မတီမှ RA နံပါတ်များကို မကြာမီ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။ (လျှောက်ထားဆဲ လူများအား မိမိတို့လျှောက်ထားခဲ့သော နှစ်အလိုက် RA သတ်မှတ်ပေးမည် ဖြစ်ပါသည်။)

၆။ လျှောက်လွှာများကို ( ၃၉.၁.၂၀၂၅) ရက်နေ့ထက် နောက်မကျစေဘဲ တင်သွင်းရမည် ဖြစ်ပါသည်။

၇။ သတ်မှတ်ချက်များနှင့် ပြည့်စုံသော မှတ်ပုံတင်ဗိသုကာ (RA) လျှောက်လွှာ တင်သွင်းသူများကို မှတ်ပုံတင်ဗိသုကာ(RA)နံပါတ်များ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ပါသောကြောင့် ၂၀၂၅ ခုနှစ်အတွက် မှတ်ပုံတင်ဗိသုကာ(RA) များ လျှောက်ထားနိုင်ပါရန် အသိပေး ကြေညာအပ်ပါသည်။

၈။ မှတ်ပုံတင်ဗိသုကာ (RA) လျှောက်ထားခြင်းဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးဖုန်း - ၀၉ ၇၉၇ ၄၈၈၄၄၅၊ ၀၉ ၉၈ ၂၂၆၃၁၁၈ ၊ Email- myanmarchitectscouncil@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဗိသုကာမှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ**
**မြန်မာနိုင်ငံဗိသုကာကောင်စီ**

စာအမှတ်။ မဗကစ/ ၂၀၂၄ / ကည ( ၀၃ )
ရက်စွဲ ။ ၁၄ ရက် ဒီဇင်ဘာလ ၂၀၂၄ ခုနှစ်
ဖြန့်ဝေခြင်း
MAC Facebook Page
MAC Website
မိတ္တူကို-
ရုံးလက်ခံ